# **ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

# **ပဥ္စမနေ့ အစီအစဉ်**

# **[ ၁၈–၉–၂၀၁၄ ] (ကြာသပတေးနေ့)**

၁။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးညီညီမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်၏ **အုတ်တွင်းမြို့နယ်နှင့် တောင်ငူမြို့နယ်တို့ ဆက်သွယ်သည့် နောင်ရိုးတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်ထွန်းသာ၊ မြောက်ဦး မဲဆန္ဒနယ်၏ **မြောက်ဦးခရိုင်ရှိ ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများကို ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျန်ထွန်း၊ ကနီ မဲဆန္ဒနယ်၏ **ကနီမြို့နယ်၊ ယင်းကျေးရွာနှင့် ကျောက်လှေကားကျေးရွာအကြား ပျက်စီးသွားသော ချင်းတွင်းမြစ် ရေလျှံတားတမံအား မြေသားတမံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **ရွှေပြည်သာမြို့နယ် အတွင်းရှိ မြေသားလမ်းများနှင့် ကတ္တရာလမ်းများကို ခင်းကျင်း ပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဝင်းမြင့်၊ ပုသိမ် မဲဆန္ဒနယ်၏ **ပုသိမ်မြို့၊ ပြည်တော်သာ အိမ်ရာများကို ဖျက်သိမ်းရန် စီစဉ်နေခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးခွန်လိန်း၊ ဖလမ်း မဲဆန္ဒနယ်၏ **ဖလမ်းမြို့နယ်တွင် အိမ်မြေဂရန်များ ချပေးရာ၌ သက်တမ်း(၁၀)နှစ်သာ သတ်မှတ်ပေးရာမှ တိုးမြှင့် သတ်မှတ်ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးစိုင်းအောင်ကြည်၊ မိုင်းတုံ မဲဆန္ဒနယ်၏ **မိုင်းတုံမြို့နယ်၊ ပုံပါကျင်– နမ့်ဟူးခွန်နှင့် နားကောင်းမှူး–ဘဝသစ်ကျေးရွာချင်းဆက် လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးဖုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ **ပန်ဝါမြို့နယ်၊ ထွန်းရှိန်– ရှီးကျန် ကျေးရွာချင်းဆက် လမ်းအား ကျောက်ခင်းလမ်းအဖြစ်နှင့် လုတ်နော့ဂျန်– လှိုင်ဂမ်ကျေးရွာချင်းဆက်လမ်းကို မြေသားလမ်း အဖြစ်သို့ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးစိုးပိုင်၊ ဝန်းသို မဲဆန္ဒနယ်၏ **ဝန်းသိုမြို့နယ်၊ နမ်းခမ်းကျေးရွာမှ ရွှေဘို-မြစ်ကြီးနား လမ်းမကြီးသို့ ဆက်သွယ်ထားသောလမ်းအား ကျောက်ချောလမ်း အဆင့်သို့ မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးစောဘသိန်း၊ သထုံ မဲဆန္ဒနယ်၏ **သထုံမြို့နယ်၊ လိပ်အင်း ရပ်ကွက်မှ ပေါ်တော်မူကျေးရွာသို့ ဆက်သွယ်သည့် တံတားအား ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်က **" ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန် တတ်သူများ ခြေချုပ်နှင့်ခံဝန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကိုတင်သွင်းခြင်း၊

၇။ **"၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ က အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်က တင်သွင်းသည့် **" ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။